# NEWSLETTER




## စီးပွားရေးလုပ်ငန်းဆိုင်ရာစာချုပ်များနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့်အခါ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များတွင် အဆင်ပြေသည်များ ရှိသကဲ့သို့ အငြင်းပွားမှုများလည်း ပေါ်ပေါက်လာတတ်ပါသည်။ ထို့သို့ အငြင်းပွားမှုများ ပေါ်ပေါက်လာသည့်အခါ အငြင်းပွားမှုအား ဖြေရှင်းရန် နည်းလမ်းများလည်း လိုအပ်လာပါသည်။ အဆိုပါဖြေရှင်းရန် နည်းလမ်းများတွင် အကောင်းဆုံးဖြစ်မည်ဟု ယူဆသည့်နည်းလမ်းများကို ကျင့်သုံးလာခဲ့ကြ ပါသည်။ ထို့သို့ အငြင်းပွားမှုအား ဖြေရှင်းရန်နည်းလမ်းများတွင် အနုညာတနည်းဖြင့် ဖြေရှင်းသည့်နည်းလည်း တစ်ခုအပါအဝင် ဖြစ်သည်။

အနုညာတနည်းဖြင့်ဖြေရှင်းခြင်းတွင် အငြင်းပွားသည့်လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူပညာရှင်များကို အနုညာတခုံလူကြီးအဖြစ် အငြင်းပွားသူများကိုယ်တိုင် ခန့်ထားနိုင်သည်။ ထို့ကြောင့် အငြင်းပွားသည့် ပြဿနာအား တရားမျှတမှုရှိစွာ အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်။ အနုညာတနည်းဖြင့် ဖြေရှင်းခြင်းသည် အချိန်ကုန်၊ ငွေကုန် သက်သာစေသော နည်းလမ်းဖြစ်သည်။ တရားရုံးများ တွင် တရားစွဲဆိုဖြေရှင်းသည်ထက် ပိုမိုအဆင်ပြေစေသည်။ ထို့ပြင် အနုညာတခုံရုံးမှချမှတ်လိုက်သည့် အမိန့်၊ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အငြင်းပွားသူများက လိုက်နာမှုမရှိပါက တရားရုံးများတွင် အကောင်အထည် ဖော် ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် အနုညာတနည်းဖြင့် ဖြေရှင်းခြင်းတွင် ဥပဒေအရလည်း စည်းနှောင်မှုရှိပါသည်။

**မြန်မာနိုင်ငံရှိ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ**

မြန်မာနိုင်ငံတွင် ၁၉၄၄ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး (၁. ၃. ၁၉၄၆)တွင် အာဏာ သက်ရောက်ခဲ့ပါသည်။ ထို့နောက် ယင်းဥပဒေကို ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေဖြင့် ရုပ်သိမ်း ခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေသည် မြန်မာနိုင်ငံတွင် လက်ရှိ တည်ဆဲဥပဒေ ဖြစ်ပါသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ အနုညာတနည်းဖြင့်ဖြေရှင်းရန် အနုညာတသဘော တူညီချက် ရှိရမည် ဖြစ်ပါသည်။ အနုညာတသဘောတူညီချက်ကို ပုဒ်မ ၃(ခ)တွင် "အနုညာတသဘောတူညီချက် ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရ မဟုတ်သည်ဖြစ်စေ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှု အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတ စီရင်ဆုံးဖြတ်ခြင်းခံယူရန် အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ဆိုသည်"ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါ သဘောတူညီချက်တွင် အငြင်းပွားမှုပေါ်ပေါက်လာလျှင် အနုညာတစီရင် ဆုံးဖြတ် ခြင်းနည်းလမ်းဖြင့် ဖြေရှင်းမည်ဟု ထည့်သွင်းသတ်မှတ်ပြီး အနုညာတဥပဒေ၊ အနုညာတခုံရုံး တည်နေရာနှင့် အသုံးပြုမည့် ဥပဒေများကို ရည်ညွှန်းဖော်ပြနိုင်ပါသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ အငြင်းပွားသူများသည် -

-ခုံသမာဓိဦးရေကို သတ်မှတ်နိုင်သည်။ (ပုဒ်မ ၁၂)

-ခုံသမာဓိများကို ခန့်ထားနိုင်သည်။ (ပုဒ်မ ၁၃)

-ခုံသမာဓိအား ကန့်ကွက်ရန်နည်းလမ်းကို သတ်မှတ်နိုင်သည်။ (ပုဒ်မ ၁၅)

-အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံး လုပ်နည်းများကို သတ်မှတ် နိုင်သည်။ (ပုဒ်မ ၂၂)

-အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို သတ်မှတ်နိုင်သည်။ (ပုဒ်မ ၂၃)

-အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုမည့် ဘာသာစကားများကို သတ်မှတ်နိုင် သည်။ (ပုဒ်မ ၂၅)

အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်တွင်းအနုညာတ စီရင်ဆုံးဖြတ်မှုခုံရုံး နှင့် နိုင်ငံတကာအနုညာတ စီရင်ဆုံးဖြတ်မှုခုံရုံးဟူ၍ ခုံရုံး(၂)မျိုးရှိသည်ကို တွေ့ရသည်။ ပြည်တွင်းအနုညာတ စီရင်ဆုံးဖြတ်မှုခုံရုံးတွင် ခုံသမာဓိခန့်အပ်ခြင်းနှင့်ပတ်သက်၍ နည်း ၁၀ မှ ၁၂ အထိ ပြဋ္ဌာန်းထားပြီး ၊ နိုင်ငံတကာ အနုညာတ စီရင်ဆုံးဖြတ်မှုခုံရုံးတွင် ခုံသမာဓိခန့်အပ်ခြင်းကို နည်း ၃ မှ ၉ အထိ ပြဋ္ဌာန်းထားပါသည်။ ပြည်တွင်း အနုညာတ စီရင်ဆုံးဖြတ်မှုခုံရုံးက ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်း(Domestic Arbitration)ကို ဆောင်ရွက် ပြီး ၊ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်မှုခုံရုံးက နိုင်ငံတကာအနုညာတ စီရင်ဆုံးဖြတ်ခြင်း( International Arbitration)ကို ဆောင်ရွက်ပါသည်။

<u>အနုညာတစီရင်ဆုံးဖြတ်ခြင်းကို မြန်မာနိုင်ငံတွင် ဖြေရှင်းနိုင်ရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် များတွင် ထည့်သွင်းရမည့်အချက်များ</u>

စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို မြန်မာနိုင်ငံတွင်းတွင် မြန်မာနိုင်ငံ၏ အနုညာတဥပဒေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) Myanmar Arbitration Centre (MAC) : ချုပ်ဆိုမည့် စီးပွားရေးဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များတွင် အောက်ဖော်ပြပါစာပိုဒ်များကို တိတိလင်းလင်း ထည့်သွင်းချုပ်ဆိုရန် လိုအပ်ကြောင်း မြန်မာနိုင်ငံအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန (Myanmar Arbitration Center)က အသိပေးအကြောင်းကြားပါသည်။

(1) Any dispute arising out of (or) in connection with this contract or the breach, termination (or) invalidity there of shall be settled by Arbitration in accordance with the 2016 Myanmar Arbitration Law.

(2) Governing Law shall be Myanmar governing Law.

(3) The Language to be used in the arbitral proceeding shall be (Myanmar/English)

(4) The seat of Arbitration shall be Myanmar Arbitration Center (MAC) Yangon Myanmar.

(5) The Appointing Authority shall be Myanmar Arbitration Center (MAC) Yangon Myanmar.

**နယူယောက်ကွန်ဗင်းရှင်းဝင်နိုင်ငံ**

၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ပြည်တွင်းအနုညာတစီရင် ဆုံးဖြတ်ချက်(Domestic Arbitral Award)များကို ပြည်တွင်းတွင် အတည်ပြုဆောင်ရွက်နိုင်သကဲ့သို့ နယူးယောက်ကွန်ဗင်းရှင်းဝင်နိုင်ငံ များတွင်လည်း အတည်ပြုဆောင်ရွက်နိုင်သည်။ ထို့အတူ နယူးယောက်ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြား အနုညာတဆုံးဖြတ်ချက်(Foreign Arbitral Award)ကိုလည်း ပြည်တွင်းတွင် အတည်ပြုဆောင်ရွက်နိုင်ပါသည်။

နယူးယောက်ကွန်ဗင်းရှင်းဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ သံတမန်ညီလာခံက (၁၀. ၆. ၁၉၅၈)ရက်နေ့တွင် နယူးယောက်မြို့၌ ချမှတ်ခဲ့သော နိုင်ငံခြားအနုညာတဆုံးဖြတ်ချက် များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကိုဆိုသည်။ (ပုဒ်မ ၃(ည))

**ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း**

**ပြည်တွင်းတရားရုံးများတွင် အတည်ပြုခြင်း**

ပြည်တွင်းအနုညာတ စီရင်ဆုံးဖြတ်မှုခုံရုံးက ဆုံးဖြတ်သည့် ပြည်တွင်းအနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် ဒေသစီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံးတွင် လျှောက်ထားရမည်။ ခရိုင်တရားရုံးသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်နိုင်ရန် ဇာရီမှုဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေအရ ဒီကရီကို အတည်ပြုသည့် နည်းလမ်းနှင့်အညီ အတည်ပြုဆောင်ရွက်ရမည်။

ထိုသို့ ပြည်တွင်းအနုညာတဆုံးဖြတ်ချက် (Domestic Arbitral Award) ပြည်တွင်းအနုညာတ စီရင် ဆုံးဖြတ်ခြင်း (Domestic Arbitration) မှ ပေါ်ပေါက်လာသည့် ကြားဖြတ်အမိန့်များ၊ အမိန့်များနှင့်စပ်လျဉ်း၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက် များအရ နိုင်ငံတော်အတွင်းရှိ တရားရုံးများတွင် လျှောက်ထား မည်ဆိုပါက အဆိုပါ အမိန့်များ စစ်မှန်ကြောင်းသက်သေခံလက်မှတ်ရေးထိုးခြင်း (Authentication) သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်းထောက်ခံချက် (Certification) ပါရှိရမည်ဖြစ်ပါသည်။

**နယူယောက်ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံတွင် အတည်ပြုခြင်း**

နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်မှုခုံရုံးက ဆုံးဖြတ်သည့် ပြည်တွင်းအနုညာတ ဆုံးဖြတ်ချက် (Domestic Arbitral Award)များနှင့်စပ်လျဉ်း၍ နယူယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံတွင် အတည်ပြု ဆောင်ရွက်မည်ဆိုပါက အနုညာတသဘောတူညီချက် (Domestic Agreement) သို့မဟုတ် ပြည်တွင်းအနုညာတ ဆုံးဖြတ်ချက် (Domestic Arbitral Award) သည် စစ်မှန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးခြင်း (Authentication) သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက် (Certification) ပါရှိရမည် ဖြစ်ပါသည်။

* ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ (၁၉. ၁. ၂၀၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၁ ဖြင့် ထုတ်ပြန်ထားပါသည်။

**နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်း**

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်(Foreign Arbitral Award)ကို အသိအမှတ်ပြုရန်နှင့် အတည်ပြု ဆောင်ရွက် ပေးရန် ဒေသစီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံးတွင် လျှောက်ထားရမည်။ နိုင်ငံခြားအနုညာတဆုံးဖြတ် ချက်ကို တရားရုံး၏ ဒီကရီကို အတည်ပြုသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

သို့ရာတွင် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ပေး ရန် လျှောက်ထားသူသည် အောက်ပါစာတမ်းအမှတ်အသားများကို တရားရုံးသို့ တင်ပြရမည်ဟု ပုဒ်မ ၄၅ တွင် ပြဋ္ဌာန်းထားသည်။

(၁) ဆုံးဖြတ်ချက်ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသော နည်းလမ်း အတိုင်း စစ်မှန်ကြောင်း နည်းလမ်းတကျ လက်မှတ်ရေးထိုးထားသည့် အနုညာတဆုံးဖြတ်ချက်မူရင်း သို့မဟုတ် ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူ တစ်စောင်၊

(၂) အနုညာတသဘောတူညီချက်မူရင်း သို့မဟုတ် တာဝန်ခံမိတ္တူတစ်စောင်

(၃) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ဖြစ်ကြောင်း သက်သေထင်ရှား ပြသရန်လိုအပ်သည့် သက်သေခံချက်

အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ကို နိုင်ငံခြားဘာသာဖြင့် ရေးသားထား လျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သော နိုင်ငံ၏သံအရာရှိ သို့မဟုတ် ကောင်စစ်အရာရှိ သို့မဟုတ် တရားဝင်ဘာသာပြန်ဆိုသူ သို့မဟုတ် ကျမ်းသစ္စာပြု၍ ဘာသာပြန်ဆိုသူက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ လိုအပ်သောအချက်များနှင့် ပြည့်စုံမှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပေါ်ပေါက်လာပြီးနောက် အနုညာတခုံရုံးများဖွင့်၍ စီးပွားရေးလုပ်ငန်းဆိုင်ရာအငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပေးလျှက်ရှိသည်။ အငြင်းပွား မှုများကို အနုညာတနည်းဖြင့် ဖြေရှင်းရာတွင် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ပြေငြိမ်းပြီး ပြတ်စေနိုင်ပါသည်။ ထို့ပြင် အနုညာတခုံရုံးမှ ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်များကို ပြည်တွင်းတွင်သာမက နယူးယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံများတွင်ပါ အတည်ပြုဆောင်ရွက်နိုင်သောကြောင့် ဥပဒေအရစည်းနှောင်မှုရှိသော ဆုံးဖြတ်ချက်များလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းဆိုင်ရာ စာချုပ်များချုပ်ဆိုရာတွင် အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ် နိုင်ရန်အတွက် မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန၏ အကြောင်းကြားချက်ပါ အချက်များကို စာချုပ်များ တွင် မဖြစ်မနေထည့်သွင်းချုပ်ဆိုရန် လိုအပ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**တင်ဝင်းအောင်**

**LL.B, D.S.W, D.B.L**

**တရားလွှတ်တော်ရှေ့နေ**